Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

## လျှပ်စစ်ထမင်း၊ပေါင်းအိုး(အိမ်သုံးပစ္စည်း/အိမ်အသုံးအဆောင်ပစ္စည်း)

မော်ဒယ်နံပါတ် SR-CX108
SR-CN108

SR-CX188
SR-CP188
SR-CN188




မြန်မာ

## ပါဝင်သည့်အကြောင်းအရာများ


ဘေးကင်းလုံခြုံရေးအချက်များ . . . . . . . . . . . ၂-၃

အသုံးပြုရန်အချက်များ . . . . . . . . . . . . . . . . . ၄

အစိတ်အပိုင်းများနှင့် အပိုပစ္စည်းများ . . . . . . . ၅

---

ထမင်းချက်ခြင်း . . . . . . . . . . . . . . . . ၇-၈

စက်ကိုမှန်ကန်စွာ ချိန်ညှိသုံးပါ . . . ၉

အခြား ချိန်ညှိခြင်းများကိုအသုံးပြုခြင်းနှင့်တိုင်မာ . . . . . . . . ၁၀

---

သန့်ရှင်းခြင်း . . . . . . . . . . . . . . . . . . . . ၁၁

ပြဿနာဖြေရှင်းခြင်း . . . . . . . . . . . . . ၁၃

အသေးစိတ်အချက်အလက်များ . . . . . . . . . . . . . . . ၁၅


ပန်နာဆိုးနစ်ထုတ်ကုန်အားဝယ်ယူအားပေးမှုအတွက်ကျေးဇူးအထူးတင်ရှိပါသည်။
ဤပစ္စည်းထုတ်ကုန်သည်အိမ်သုံးရန်အတွက်သာလျှင်ရည်ရွယ်ပါသည်။
အသုံးမပြုမီမှန်ကန်သောအသုံးပြုပုံလမ်းညွှန်ချက်များနှင့်အန္တရာယ်ကင်းစေရန်အတွက်
ဤလမ်းညွှန်ချက်ပါအချက်များကိုကျေးဇူးပြု၍ဂရုတစိုက်ဖတ်ပေးပါ။
အသုံးမပြုမီဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များကိုသေချာစွာဖတ်ပါ။
ဤအသုံးပြုပုံလမ်းညွှန်ချက်နှင့်ပြင်ဆင်လဲလှယ်နိုင်ခွင့်အာမခံလက်မှတ်တို့ကိုနောင်တွင်
အသုံးဝင်စေရန်သေချာစွာသိမ်းဆည်းထားပါ။

# ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များ

## ⚠ အထူးသတိပေးချက်

မြန်မာ

အောက်ဖော်ပြပါလမ်းညွှန်ချက်များကိုလိုက်နာခြင်းမရှိပါကအသက်အန္တရာယ်ကိုသော်လည်းကောင်းပြင်းထန်သောထိခိုက်ဒဏ်ရာရစေမှုကိုသော်လည်းကောင်း ဖြစ်စေနိုင်သည်။

- ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံနိုင်စွမ်း(သို့)စိတ်ပိုင်းဆိုင်ရာလုပ်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်အပါအဝင်)(သို့)လူကြီးမိဘတို့၏ကြီးကြပ်မှုနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက် ကျွမ်းကျင်သူ တစ်ဦးဦးထံမှ လမ်းညွှန်ချက်များ၊ သတိပေးချက်များကို သိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ကလေးများကိုဤစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။
- တည်းခိုခန်း၊ဟိုတယ်၊မိုတယ်နှင့်အခြားလူနေအဆောင်တိုက်ခန်းနေရာ၊လယ်ယာအိမ်များ၊တခြားအလုပ်နှင့်ဆိုင်သောရုံးခန်းများနှင့်ဆိုင်များရှိဝန်ထမ်းမီးဖိုချောင်အစရှိသည့်ထိုကဲ့သို့သောနေရာများနှင့်သင်၏အိမ်တွင်လည်း ဤထမင်းပေါင်းအိုးကိုအသုံးပြုရန်ရည်ရွယ်ပါသည်။
- အကယ်၍ပူးတွဲပါရှိသောကြိုးတစ်စုံတစ်ရာပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပါကဝန်ဆောင်မှုကိုယ်စားလှယ်(သို့)ထုတ်လုပ်သူထံမှရရှိနိုင်သောကြိုးတစ်ချောင်းနှင့်အစားထိုးလဲလှယ်ရမည်။
- လျှပ်စီးပတ်လမ်းတို့ကြောင့်ဖြစ်ပေါ်လာသောမီးလောင်မှု(သို့)ပလပ်ပေါက်များမှလျှပ်စစ်ဓာတ်စီးခြင်း(ဓာတ်လိုက်ခြင်း)တို့မဖြစ်စေရန်ပလပ်ပေါက်(သို့)ပလပ်ပေါက်နှင့်ထမင်းအိုးကိုချိတ်ဆက်ထားသောကြိုးပေါ်သို့ရေနှင့်တခြားအရည်များမဖိတ်စင်ပါစေနှင့်။
- ရေနွေးငွေ့အဝင်အထွက်ပေါက်ကိုပိတ်ဆို့ရပ်တန့်စေသောမည်သည့်အစားအစာကိုမဆိုချက်ပြုတ်ခြင်းပြုလုပ်ရာတွင်ဤပေါင်းအိုးကိုလုံးဝအသုံးမပြုပါနှင့်။အစိမ်းရောင်ရှိသောအစားအစာ(ဥပမာ–ရေညှိ၊တရုတ်မုန့်ညှင်း(သို့)ရှည်မျောမျောရှိသည့်ပင်လယ်ရေမှော်ကဲ့သို့သောအစားအစာနှင့်အစေ့အဆံများ(ဥပမာ–ပြောင်းဖူးအဆံများ)အစရှိသည်တို့ကိုချက်ပြုတ်ခြင်းသည်ဤထမင်းပေါင်းအိုးကိုပျက်စီးထိခိုက်မှုများဖြစ်ပေါ်စေနိုင်သည်။)
- စက်လည်ပတ်နေစဉ်အတွင်းအပူလောင်ခြင်းမဖြစ်စေရန်သင်၏လက်များနှင့် မျက်နှာကိုရေနွေးငွေ့အပေါက်နားတွင်နီးကပ်စွာမထားပါနှင့်။
- ၁၀အမ်ပီယာအဆင့်သတ်မှတ်ထားသောမြေအောက်ပါဝါခလုတ်ကိုသာကျေးဇူးပြု၍အသုံးပြုပါ။အခြားပစ္စည်းများနှင့်ပူးတွဲ၍အသုံးပြုပါကမီးလောင်ခြင်းကိုဖြစ်စေနိုင်သည်။
- ပြန်လည်ပြုပြင်ခြင်းမလုပ်ရ၊ ဒဏ်ရာအနာတရ(သို့)လျှပ်စစ်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်း စသည်တို့ကိုတားဆီးရန်ပြုပြင်ရေးနည်းပညာရှင်မှလွဲ၍အခြားမည်သူမှတစ်စစီဖြုတ်ခြင်း(သို့)ပြန်လည်ပြုပြင်ခြင်းတစ်စုံတစ်ရာမပြုလုပ်ရပါ။
- ထမင်းပေါင်းအိုးရှိအညွှန်းတွင်ဖော်ပြထားသောဗို့အားနှင့်သင်၏အိမ်ရှိဗို့အားတို့တူညီမှုရှိပါစေ။ပျက်စီးယိုယွင်းနေသောပါဝါကြိုးများကိုလုံးဝအသုံးမပြုပါနှင့်။
- ထိခိုက်ပျက်စီးနေသောပါဝါကြိုးများကြောင့်ဖြစ်သောမီးလောင်ခြင်းနှင့်လျှပ်စစ်ဓာတ်လိုက်ခြင်းတို့ကိုတားဆီးရန်အတွက်ပြုပြင်မွမ်းမံခြင်း၊အားဖြင့်ကွေးခြင်း၊အပူဓာတ်ထုတ်သည့်အစိတ်အပိုင်းများအနီးတွင်ထားရှိခြင်း၊၎င်းအိုး၏အပေါ်တွင်လေးလံသောအရာဝတ္ထုတို့အားထား၍ထုပ်ပိုးခြင်းအစရှိသည့်ဖော်ပြချက်ပါတစ်စုံတစ်ရာကိုမလုပ်ပါနှင့်။
- မီးလောင်ခြင်းကိုမဖြစ်စေရန်ပါဝါပလပ်ပေါက်အတွင်းရှိဖုန်မှုန့်များကိုသန့်စင်ပေးရမည်။
- လျှပ်စစ်ပတ်လမ်းပြတ်တောက်ခြင်း(သို့)ဓာတ်လိုက်ခြင်းနှင့်မီးအန္တရာယ်မဖြစ်စေရန်(ပါဝါပလပ်နှင့်ပလပ်ကိုပလပ်ခုံ ပလပ်ပေါက်)တွင်သေချာစွာထိုးထားပါ။
- လျှပ်စစ်ပတ်လမ်းပြတ်တောက်ခြင်း၊ဓာတ်လိုက်ခြင်းနှင့်မီးအန္တရာယ်မှကင်းဝေးစေရန်ပါဝါကြိုးနှင့်ပါဝါပလပ်များပျက်စီးယိုယွင်းနေသော်လည်းကောင်း၊ပလပ်ပေါက်တွင်ပါဝါပလပ်ကိုထိုးရာတွင်ချောင်နေလျှင်သော်လည်းကောင်းဤထမင်းပေါင်းအိုးကိုလုံးဝအသုံးမပြုပါနှင့်။
- လျှပ်စစ်ဓာတ်လိုက်ခြင်းနှင့်ဒဏ်ရာရရှိခြင်းတို့မဖြစ်စေရန်ပါဝါပလပ်ကိုရေစိုသောလက်ဖြင့်လုံးဝမဖြုတ်ပါနှင့်။
- စက်လည်ပတ်နေစဉ်အတွင်းထမင်းပေါင်းအိုးကိုလှုပ်ခြင်း၊ရွှေ့ခြင်းများမပြုလုပ်ပါနှင့်။
- ဤထမင်းပေါင်းအိုးကိုကလေးငယ်များအားအသုံးပြုခွင့်မပေးပါနှင့်။လျှပ်စစ်ဓာတ်လိုက်ခြင်း၊အပူလောင်ခြင်းနှင့်အခြားသောအန္တရာယ်ရှိသည့်မတော်တဆမှုများမှကာကွယ်ရန်ထမင်းပေါင်းအိုးကိုကလေးသူငယ်များနှင့်ဝေးရာတွင်ထားပါ။
- တစ်နည်းအားဖြင့်ပျက်စီးဆုံးရှုံးမှု(သို့)မတော်တဆမှုအားဖြစ်စေနိုင်သည့်တည်ငြိမ်မှုမရှိသောနေရာတွင်သော်လည်းကောင်း၊စိုစွတ်သောနေရာ၌လည်းကောင်း၊မီး(သို့)အပူဓာတ်ထုတ်ပေးသည့်အစိတ်အပိုင်းများရှိသည့်နေရာတွင်သော်လည်းကောင်းထမင်းပေါင်းအိုးအားမထားပါနှင့်။

- ထမင်းပေါင်းအိုးအားရေထဲသို့စိမ်ခြင်း(သို့)နှစ်ခြင်းများမပြုလုပ်ပါနှင့်။
- လျှပ်စစ်ဓာတ်လိုက်ခြင်းမှကာကွယ်ရန်ထမင်းပေါင်းအိုး၏အောက်ခြေရှိအပေါက်ကြားလေးများ(သို့)လေဝင်ပေါက်၊လေထွက်ပေါက်များအတွင်းသို့ပင်အပ်၊ဝါယာကြိုး(သို့)အခြားပစ္စည်းများလုံးဝမထည့်သွင်းရပါ။
- မီးခိုးများထွက်ခြင်း၊မီးလောင်ခြင်း(သို့)လျှပ်စစ်ဓာတ်လိုက်ခြင်းတို့မှကာကွယ်ရန်ထမင်းပေါင်းအိုးပျက်စီးခြင်း(သို့)ပုံမှန်မဟုတ်ခြင်းများဖြစ်ပေါ်လာသောအခါပလပ်ဖြုတ်ပြီးထမင်းပေါင်းအိုးအသုံးပြုခြင်းကိုချက်ချင်းရပ်လိုက်ပါ။
  ဥပမာ–ပုံမှန်မဟုတ်ခြင်း(သို့)ပျက်စီးခြင်းဖြစ်လျှင်ပါဝါပလပ်နှင့်ပါဝါကြိုးများအဆမတန်ပူလာသည်။ပါဝါကြိုးအားထိလိုက်သည့်အချိန်တွင်ပါဝါကြိုးပျက်စီးခြင်းနှင့်ပါဝါအားပြတ်တောက်သွားသည်။အထိုင်ကိုယ်ထည်မှာအဆမတန်ပူလာသည်(သို့)ပုံပျက်သည်။အထိုင်ကိုယ်ထည်မှမီးခိုးငွေ့များထွက်လာသည်(သို့)အလွန်ပြင်းသောညှော်နံ့များထွက်လာသည်ကိုသတိပြုမိသည်။အထိုင်ကိုယ်ထည်မှာအက်ကွဲ၍ချောင်နေခြင်း၊တဒေါက်ဒေါက်မြည်သံကြားရခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။
- အပြင်ဘက်အဖုံးပွင့်ခြင်း(သို့)ရေနွေးငွေ့ယိုထွက်ခြင်းကြောင့်ဖြစ်စေသောအပူလောင်မှုဒဏ်ရာ(သို့)ဒဏ်ရာဒဏ်ချက်များမဖြစ်စေရန်အပြင်ဘက်အဖုံးကိုဖြည်းညှင်းစွာပိတ်ပါ။
- ပါဝါကြိုးအားကလေးငယ်များ၏အဝေးတွင်ထားပါ။ပါဝါကြိုးအားထမင်းစား စားပွဲ(သို့)ခုံဇောင်း၏အစွန်းတွင်မထားရ။မပြုရ။ထိုကဲ့သို့ထားခြင်းဖြင့်ထမင်းပေါင်းအိုးသည်စားပွဲ(သို့)ခုံပေါ်မှပြုတ်ကျကာထိခိုက်အန္တရာယ်ဖြစ်စေနိုင်သည်။
- လျှပ်စစ်ဓာတ်လိုက်ခြင်း(သို့)မီးလောင်မှုဖြစ်ခြင်း(သို့)ပါဝါကြိုးပျက်စီးခြင်း၊ဒဏ်ရာရရှိခြင်းတို့မဖြစ်စေရန်ပါဝါမီးကြိုးများကိုရစ်ပတ်ရှုပ်ထွေးခြင်း(သို့)ခလုတ်မတိုက်မိစေရန်သတိပြုပါ။
- မီးလောင်ခြင်း၊အပူလောင်ခြင်း၊ထိခိုက်ဒဏ်ရာရရှိခြင်း(သို့)လျှပ်စစ်ဓာတ်လိုက်ခြင်းတို့မဖြစ်စေရန်ဖော်ပြပါလမ်းညွှန်ချက်မှတပါးအခြားသောမည်သည့်ရည်ရွယ်ချက်နှင့်မှထမင်းပေါင်းအိုးအားအသုံးမပြုပါနှင့်။
- ၎င်းဖော်ပြချက်များကိုလိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ထမင်းပေါင်းအိုးအားမှားယွင်းစွာအသုံးပြုလျှင်သော်လည်းကောင်း ပန်နာဆိုးနစ် မှတာဝန်ယူလက်ခံဖြေရှင်းပေးမည်မဟုတ်ပါ။

မြန်မာ

# လုံခြုံရေးအတွက်ကြိုတင်သတိပြုရမည့်အချက်များ

## ⚠ သတိပြုရန်အချက်များ

အောက်ဖော်ပြပါလမ်းညွှန်ချက်များကိုလိုက်နာမှုမရှိပါကထိခိုက်ဒဏ်ရာ(သို့)ပျက်စီးဆုံးရှုံးမှုများကိုဖြစ်စေနိုင်သည်။

- အပူလွန်ကဲခြင်း(သို့)ပုံမှန်မဟုတ်သောအခြေအနေများဖြစ်ခြင်းမှကာကွယ်ရန်အတွင်းထဲတွင်ထည့်ရသောပေါင်းအိုးနှင့်ထမင်းပေါင်းအိုးအထိုင်ကိုယ်ထည်ကိုတွဲဖက်၍ထားရမည်။
- အသုံးပြုနေစဉ်အတွင်း(သို့)အသုံးပြုပြီးနောက်ချက်ချင်းအပူချိန်မြင့်မားမှုကြောင့်ဖြစ်သောအပူလောင်မှုကိုကာကွယ်ရန်အတွင်းထဲတွင်ထည့်ရသောအိုးကိုလက်ဖြင့်မထိရ။
- လျှပ်စစ်ဓာတ်လိုက်ခြင်း၊လျှပ်စီးလမ်းကြောင်းနှင့်ဆိုင်သောယိုစိမ့်မှု(သို့)မီးလောင်ခြင်းတို့မှကာကွယ်ရန်၍ထမင်းပေါင်းအိုးနှင့်မကိုက်ညီသောကြိုးများနှင့်ထမင်းပေါင်းအိုး၊ထမင်းအိုးဖြင့်ချိတ်ဆက်သောပလပ်နှင့်ပါဝါပလပ်တို့အားအသုံးမပြုပါနှင့်။၎င်းတို့အားပြောင်းရွှေ့ခြင်းလည်းမလုပ်ပါနှင့်။
- လျှပ်စီးပတ်လမ်းပြတ်တောက်ခြင်းကြောင့်ဖြစ်ပေါ်သောမီးလောင်မှု(သို့)လျှစ်စစ်ဓာတ်လိုက်ခြင်းတို့ကိုတားဆီးရန်(ပါဝါပလပ်ကြိုး(သို့)ထမင်းပေါင်းအိုးနှင့်ချိတ်ဆက်သောကြိုးပလပ်ခုံမှဖြုတ်သောအခါပလပ်ခုံ(သို့)ထမင်းပေါင်းအိုးနှင့်ချိတ်ဆက်သောကြိုးကိုသတိပြုကာကိုင်၍ဖြုတ်ပါ။
- လျှပ်ကာအားနည်းမှုကြောင့်မီးလောင်မှုဖြစ်စေနိုင်သောလျှပ်စီးပတ်လမ်းပြတ်တောက်ခြင်း(သို့)လျှပ်စစ်ဓာတ်လိုက်ခြင်း(သို့)အပူလောင်ခြင်းတို့မဖြစ်စေရန်၊အတွင်းထဲတွင်ထည့်ရသောအိုးအားဖယ်ရှားခြင်းမပြုမီ(သို့)၎င်းကိုအသုံးမပြုသောအခါပလပ်ခုံမှထမင်းပေါင်းအိုးကြိုးအားဖြုတ်ထားပြီးမီးအမြဲပိတ်ထားပါ။
- အပူလောင်ခြင်းမှကာကွယ်ရန်ထမင်းပေါင်းအိုးကိုသန့်ရှင်းရေးမလုပ်မီနှင့်မသိမ်းဆည်းမီပေါင်းအိုးကိုပလပ်ဖြုတ်၍အအေးခံထားပါ။ထမင်းပေါင်းအိုးပူနေစဉ်ပေါင်းအိုးကိုနေရာမရွှေ့ပါနှင့်။

# အသုံးပြုရန်မှတ်သားစရာများ

- ချွတ်ယွင်းချက်တစ်စုံတစ်ရာမဖြစ်စေရန်ထမင်းပေါင်းအိုးအလုပ်မလုပ်မီအတွင်းတွင်ထည့်ရသောအိုးနှင့်ရေနွေးငွေ့အဖုံးတို့ကိုသေချာစွာစစ်ဆေးပါ။
- ထမင်းပေါင်းအိုးအသုံးပြုနေစဉ်အတွင်း "ကလစ်(သို့)ဇစ်" ဟူသောပေါင်းအိုးလည်ပတ်မှု၏ပုံမှန်အသံဖြစ်သည့်သေးငယ်သောအသံထွက်ပေါ်လာပါကအထိတ်တလန့်မဖြစ်ပါနှင့်။
- ထမင်းချက်ပြီးသည့်နောက်ချက်ချင်းထမင်းပေါင်းအိုးအားထပ်မံအလုပ်မလုပ်ပါစေနှင့်။အပူပြားကိုအအေးခံရန်အနည်းဆုံး(၁၅)မိနစ်ခန့်စောင့်ပါ။
- အပူထိန်းကိရိယာတွင်အပူချိန်ထိန်းချုပ်မှုကိုမှားယွင်းစွာသတ်မှတ်နိုင်သောကြောင့်ဆန်ကိုရေပူဖြင့်လုံးဝမချက်ပါနှင့်။ထမင်းကျက်သည့်အရည်အသွေးနိမ့်ကျလျော့နည်းလာမှုကိုလည်းဖြစ်စေသည်။
- စက်လည်ပတ်နေစဉ်တွင်ထမင်းပေါင်းအိုးကိုပျက်စီးစေနိုင်ခြင်း(သို့)မတော်တဆမှုများဖြစ်စေနိုင်သည့်ထမင်းပေါင်းအိုး၏အပေါ်ဖက်မျက်နှာပြင်ကိုမည်သည့်အခါတွင်မှအဝတ်ဖြင့်မဖုံးအုပ်ပါနှင့်။
- ယိုယွင်းပျက်စီးခြင်းကိုဖြစ်စေနိုင်သောကြောင့်အတွင်းထဲတွင်ထည့်ရသောအိုးကိုမလွတ်ကျမိပါစေနှင့်။
- ယိုယွင်ပျက်စီးမှုမရှိစေရန်အတွင်းထဲတွင်ထည့်ရသောအိုးကိုမာကျောသောအရာဝတ္ထုဖြင့်မတိုက်မိပါစေနှင့်။
- ထမင်းမချက်မီအပြစ်အနာအဆာတစ်စုံတစ်ရာမရှိစေရန်အတွင်းထဲတွင်ထည့်ရသောအိုးအပြင်ဘက်မှရေများကိုသေချာစွာသုတ်ပေးပါ။
- ချွတ်ယွင်းချက်များမရှိစေရန်အတွင်းထဲသို့ထည့်ရသောအိုးနှင့်အပူပြားကြားမှရေစက်နှင့်ထမင်းစေ့များကိုပေါင်းအိုးဖြင့်မချက်မီဖယ်ရှားပါ။
- သုံးစွဲမှုအကြိမ်ရေပေါ်မူတည်၍အတွင်းထဲတွင်ထည့်ရသောအိုးအောက်ခြေမှအလွှာများကွာကျလာနိုင်သည်။သို့သော်ပေါင်းအိုး၏လုပ်ဆောင်မှုကိုမထိခိုက်ပါ။
- ထမင်းပေါင်းအိုးအားလက်ကိုင်ကိုင်းမှကိုင်၍ရွှေ့ပါ။
- ထမင်းပေါင်းအိုးအားအပြင်ဘက်တွင်အသုံးမပြုပါနှင့်။
- ထမင်းပေါင်းအိုး၏အောက်ခြေတွင်(လေဝင်လေထွက်ပေါက်)များကိုကန့်သတ်ထားသော(ကော်ဇောပေါ်၊ပလတ်စတစ်အိတ်၊အလူမီနီယမ်အပြား၊အထည်အစရှိသည့်)နေရာတို့အပေါ်တွင်တင်၍အသုံးမပြုပါနှင့်။
- သီးခြားအဝေးထိန်းကိရိယာစနစ်အားဖြင့်လည်းသော်လည်းကောင်း၊ပြင်ပအချိန်တိုင်းကိရိယာဖြင့်သော်လည်းကောင်း၍ထမင်းပေါင်းအိုးအားလည်ပတ်စေရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။

မြန်မာ

# ဆက်စပ်ပစ္စည်းများနှင့်အစိတ်အပိုင်း၏အမည်များ

အသုံးမပြုမီအတွင်းထဲတွင်ထည့်ရသောအိုးနှင့်အပူပြားကြားထဲရှိစာရွက်ကိုဖယ်ရှားပေးရမည်










ပါဝါပလပ်၏ပုံစံမှာဖော်ပြပါပုံစံအတိုင်းကွဲပြားနိုင်သည်။



## ဆက်စပ်ပစ္စည်းများ

ထမင်းခတ်သည့်ဇွန်း (၁)ဇွန်း



ဟင်းချိုခပ်သည့်ယောက်ချို (၁)ဇွန်း



ထမင်းခတ်သည့်ဇွန်းထည့်သောခွက်(၁)ခွက်



ရေချိန်သောခွက်(၁)ခွက် (ခန့်မှန်းခြေ၁၈၀မီလီလီတာ)





SR-CX108
SR-CX188
SR-CP188

ပေါင်းတည့်ခွက်(၁)ခွက်



SR-CN108
SR-CN188




မြန်မာ




## မီနူးကိုရွေးချယ်သည့်ခလုတ်

- လုပ်ဆောင်လိုသည့်အရာများကိုရွေးချယ်ရာတွင်ဤခလုတ်ကိုသုံးသည်။




## နွေးသောခလုတ်

- ထမင်းချက်ပြီးသည့်အချိန်တွင်၎င်းအပူပေးသောခလုတ်မှာအလိုအလျောက်ပွင့်သွားသည်။
- အပူပေးသောလုပ်ဆောင်ချက်ကိုစတင်ရာတွင်ဤခလုတ်ကိုအသုံးပြုသည်။




## တိုင်မာခလုတ်

- အချိန်ကိုသတ်မှတ်ရာတွင်ဤခလုတ်ကိုအသုံးပြုသည်။




## ထမင်းချက်သောအချိန်ကိုသတ်မှတ်ထား၍ရသည့်ခလုတ်

- ထမင်းချက်သည့်အချိန်ကိုပြန်လည်သတ်မှတ်ရန်ပြန်လည်သတ်မှတ်ရန်တိုင်မာခလုတ်ကိုနှိပ်ပြီးနောက်"Porridge"ခလုတ်ကိုရွေးချယ်ပြီးသောအခါဤခလုတ်ကိုအသုံးပြုပါ။



## "◁", "▷ ခလုတ်

- ထမင်းချက်သည့်ကြာချိန်အခြေအနေကိုအတည်ပြုရန်ဤခလုတ်ကိုအသုံးပြုသည်။

 အလျော့  အတိုး

- ကြာချိန်ကိုသတ်မှတ်ရာတွင်ဤခလုတ်များကိုအသုံးပြုသည်။
- အချိန်ကိုပေါင်းထည့်ရာတွင်(သို့)လျော့ချရာတွင်ဤခလုတ်ကိုနှိပ်၍ဖိထားပါ။




## စတင်ရာတွင်နှိပ်သည့်ခလုတ်

- ထမင်းစချက်သည့်အချိန်တွင်ဤခလုတ်ကိုအသုံးပြုသည်။
- ထမင်းချက်ရမည့်ကြာချိန်ကိုသတ်မှတ်ပြီးသည့်အချိန်တွင်ဤခလုတ်ကိုအသုံးပြုသည်။




## ပိတ်ရာတွင်သုံးသည့်ခလုတ်

- ပေါင်းအိုးအလုပ်လုပ်ပုံများယွင်းမှုကိုပယ်ချရာတွင်ဤခလုတ်ကိုအသုံးပြုသည်။
- အပူပေးသောလုပ်ဆောင်ချက်ကိုပိတ်ရာတွင်လည်းဤခလုတ်ကိုအသုံးပြုသည်။

# ထမင်းချက်ပြုတ်ခြင်း

၁. **လိုအပ်သောဆန်ပမာဏကိုချိန်ပါ။(ရေချိန်ခွက်သည် ၁၅၀ ဂရမ်ရှိသည်။)**

- ဆန်ကိုအခြားခွက်ထဲတွင်သန့်စင်အောင်သေချာဆေးပါ။
- အတွင်းအိုးကိုခြစ်ရာမထင်စေရန် အိုးထဲတွင်ဆန်ကိုတိုက်ရိုက်မဆေးပါနှင့်။





၂. **သန့်စင်ပြီးသောဆန်ကိုအတွင်းအိုးထဲသို့ထည့်၍ဆန်ပမာဏနှင့်တူညီသောရေပမာဏထည့်ပါ။(ဥပမာ–ဆန်ပြုတ် ၃ ခွက်ချက်ပါက(White Rice)၏ရေအမြင့် ၃ အထိထည့်ပါ။ရေပမာဏကို မိမိစိတ်ကြိုက်တိုးလျှော့နိုင်ပါသည်။**

- အများဆုံးရေပမာဏထက်မကျော်ပါစေနှင့်။




ပုံတွင်ပြထားသောအတွင်းအိုးသည်
၁.၀လီတာမော်ဒယ်ဖြစ်ပါသည်။

၃. **ထမင်းပေါင်းအိုးထဲတွင်ထည့်ထားသောအတွင်းအိုး၏အပြင်ဘက်မျက်နှာပြင်ကို အဝတ်ခြောက်ဖြင့်သုတ်ပါ။ချက်ကနဲအသံကြားရသည်အပြင်အဖုံးကိုဖိချပါ။**

- အပူချိန်မြင့်လာခြင်းကြောင့် အိုးပုံမပျက်စေရန် အခြားမီးဖိုများတွင်အတွင်းအိုးကိုအပူမပေးပါနှင့်။ ဆိုလိုသည်မှာအပူပေးပန်းကန်ပြားပေါ်တွင် အတွင်းအိုးမှလွဲ၍ အခြားအိုးများမထည့်ပါနှင့်။



၄. **ရှေးဦးစွာ ပါဝါပလပ်ခေါင်းကို စက်ကိုယ်ထည်တွင်တပ်ပြီး ပါဝါပလပ်ခုံနှင့် ချိတ်ဆက်ပါ။**

- ပလပ်ခေါင်းများကို ခိုင်မြဲစွာတပ်ဆင်ပါ။

၁



၂



မြန်မာ

၅. **တူညီသောမီနူးအလုပ်လုပ်ရန် “Start”ကိုနှိပ်ပါ။**
**“Start”အချက်ပြမီးလင်းလာပါလိမ့်မည်။**




- ပုံမှန်အားဖြင့်“White Regular” ကိုရွေးချယ်ပါ။
  ၎င်းကိုပြောင်းလိုသည့်အခါ စာမျက်နှာ ၁၁ တွင်ကြည့်ပါ။
- တိုင်မာသုံးသည့်အခါ စာမျက်နှာ ၁၁ တွင်ကြည့်ပါ။
- ထမင်းကိုပြုတ်ချက်ချက်သည့်အခြေအနေတွင် ပုံစံမျက်နှာပြင်၌ကျန်ရှိသော ပြုတ်ချက် ချက်ချိန်ရေတွက်မှုကိုတွေ့နိုင်ပါသည်။ သတ်မှတ်မှုအရပြုတ်ချက် ချက်ချိန်သည် အလိုအလျောက် ၅ မိနစ် မှ ၁၀ မိနစ် အတွင်းရှိပါသည်။

၆. **ချက်ပြုတ်ပြီးနောက်စက်သည် အလိုအလျောက်နွေးခြင်းဖန်ရှင်ကို ပြောင်းပါသည်။**




- ထမင်းကပ်ခြင်းနှင့် အရသာမကောင်းခြင်းမဖြစ်စေရန် ထမင်းကိုလျှော့ချက်ခြင်းသည်အကောင်းဆုံးနည်းလမ်းဖြစ်သည်။
- ထမင်းခပ်ရာတွင်အတွင်းအိုးကို ခြစ်ရာထင်စေနိုင်သောသတ္တုဇွန်းအစားကျေးဇူးပြု၍ထမင်းပေါင်းအိုးနှင့် ပူးတွဲပါရှိသောထမင်း ခပ်ဇွန်းကို အသုံးပြုပါ။

၇. **အသုံးပြုပြီးနောက်အရန် အခြေအနေအတွက်“Off ”ခလုတ်ကိုနှိပ်၍**
**ထမင်းပေါင်းအိုးမှ ပလပ်ခေါင်းကိုဖြုတ်ပါ။**




ဖန်ရှင်အမျိုးမျိုးအတွက် ထမင်းချက်ပြုတ်ခြင်းအချိန် (အကိုးအကားအတွက်သာ)

| ဖန်ရှင် | “အနေး”ချက်ပြုတ်ခြင်း | “အမြန်”ချက်ပြုတ်ခြင်း |
|---|---|---|
| အချိန်(မိနစ်) | ပျမ်းမျှ(၅၀) | ပျမ်းမျှ(၃၀) |

အထက်ပါဇယားမှ ချက်ပြုတ်ချိန်သည် မတူညီသောဗို့အား ရေပမာဏနှင့် ဆန်ပမာဏရေ အပူချိန်နှင့် ဆန်အရည်အသွေးပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။

# ချိန်ညှိခြင်းများကိုမှန်ကန်စွာအသုံးပြုခြင်း

| | မီနူး | | အတွင်းအိုး၏ရေအမြင့် | နွေးခြင်းဖန်ရှင်*၁ | တိုင်မာချိန်ညှိခြင်း*၂ ကန့်သတ်ချက် |
|---|---|---|---|---|---|
| အနေအထားအမျိုးမျိုးဖြင့် ဆန်ပြုတ်ကိုချက်ပြုတ်ခြင်း | အဖြူ | ပုံမှန် | ဆန်ဖြူ | ○ | မပြီးခင်မိနစ်၆၀ |
| | | ပျော့ | ဆန်ဖြူ | ○ | မပြီးခင်မိနစ်၆၀ |
| | | ပမာ | ဆန်ဖြူ | ○ | မပြီးခင်မိနစ်၆၀ |
| အမြန်ချက်ပြုတ်ခြင်း(သို့) Quinoaကိုချက်ခြင်း | အမြန် | | ဆန်ဖြူ | ○ | — |
| | Quinoa | | —*၃ | × | — |
| ဆန်လုံးညိုကိုချက်ပြုတ်ခြင်း | အညို | | ဆန်လုံးညို | × | မပြီးခင်မိနစ်၁၈၀ |
| ဆန်စေ့အမျိုးမျိုးကိုချက်ပြုတ်ခြင်း | ဆန်စေ့ပေါင်းဆုံ | | ဆန်စေ့ပေါင်းဆုံ | × | မပြီးခင်မိနစ်၆၀ |
| စံပယ်ဆန်ကိုချက်ပြုတ်ခြင်း | စံပယ် | | စံပယ်ဆန် | ○ | မပြီးခင်မိနစ်၆၀ |
| ကောက်ညှင်းကိုချက်ပြုတ်ခြင်း | စေးကပ်သော | | ကောက်ညှင်း | × | မပြီးခင်မိနစ်၆၀ |
| အုပ်ဂျုံကိုချက်ပြုတ်ခြင်း | အုတ်ဂျုံ | | အုတ်ဂျုံ | × | ချက်ပြုတ်ချိန် + မပြီးခင်၁၀မိနစ်နှင့်ထက်ပို |
| မြေအိုးထမင်းကိုချက်ပြုတ်ခြင်း | မြေအိုး | | ဆန်ဖြူ | × | — |
| စွပ်ပြုတ်ချက်ခြင်း(သို့) အနှေးချက်ပြုတ်ခြင်း | စွပ်ပြုတ် / အနှေးချက်ခြင်း | | —*၄ | × | — |
| ကိတ်မုန့်(သို့)ပေါင်မုန့်ဖုတ်ခြင်း | ကိတ်မုန့် / ပေါင်မုန့် | | —*၅ | × | — |
| ပေါင်းတည်ခြင်း | ပေါင်းထည့်ခြင်း | | —*၆ | × | — |

*၁ ● “X”သင်္ကေတသည် ထမင်းပေါင်းအိုးအား နွေးခြင်းဖန်ရှင်ကို အလိုအလျောက်ပြောင်းစေနိုင်သော်လည်းမသုံးသင့်ပါ။
- နွေးခြင်းဖန်ရှင်ကို ၁၂ နာရီထက်ပိုမသုံးပါနှင့်။
- နွေးခြင်းအချိန်သည် ၂၃ နာရီအထိရှိပါက ပုံဖော်မျက်နှာပြင်တွင် ၁ နာရီယူနစ်ပေါ်လာမည်။ (“O” သည် ၁ နာရီအောက်နည်းသောအချိန်များအတွက် ဖော်ပြသည်။ )

*၂ ချိန်ညှိစက်သည် “—*” မှတ်ထားသောမီနူးများအတွက်အသုံးမဝင်ပါ။

*၃ Quinoa တစ်ခွက်သည် ရေ ၂ ခွက်လိုပါသည်။ ၎င်းကိုတစ်ကြိမ်တွင် တစ်ခွက်သာချက်ပြုတ်နိုင်ပါသည်။ ပေးထားသောရေချိန်ခွက်ကိုသုံးပါ။

*၄ ပါဝင်ပစ္စည်းများနှင့်ရေ၏ စုစုပေါင်း ပမာဏသည် “Jasmine Rice” အတွက်အများဆုံးရေအမြင့်အထက်မပိုပါစေနှင့်။

*၅ အများဆုံးခွင့်ပြုထားသောအလေးချိန် (ပါဝင်ပစ္စည်းများ၏ စုစုပေါင်းအလေးချိန်သည်) ၅၀၀ ဂရမ်ဖြစ်သည်။

*၆ ပေးထားသောရေချိန်ခွက်ကိုသုံး၍ ၁.၀ လီတာ မော်ဒယ် အတွက် ရေခွက် ၃ ခွက် ၁.၈ လီတာမော်ဒယ်အတွက် ရေ ၄ ခွက်ထည့်ပါ။

# ကွဲပြားသည့်ချိန်ညှိခြင်းအမျိုးမျိုးကို အသုံးပြုခြင်း

**၁ မီနူးကိုရွေးပါ။**

မီနူးကိုရွေးရန် "Menu Select" ကိုနှိပ်ပါ။

မီနူးသည် အချက်အပြမီးလင်းလာမည်။

- "Porridge", "Soup/Slow Cook", "Cake/Bread" or "Steam" ကိုရွေးချယ်သည့်အခါ ချက်ပြုတ်ချိန်တိုင်မာကိုညှိပါ။

  သတ်မှတ်လိုသော ချက်ပြုတ်ချိန်ကိုချိန်ညှိရန် "◁ "(သို့) " ▷" ခလုတ်ကိုနှိပ်ပါ။

| မီနူး | အလိုအလျောက် | ခွင့်ပြုထားသောတိုင်မာချိန်ညှိခြင်း | ယူနစ် |
|---|---|---|---|
| ဆန်ပြုတ် | ၁ နာရီ ၁၀ မိနစ် | ၁ နာရီ ၀၀ မိနစ် – ၄ နာရီ ၀၀ မိနစ် | ၁၀ မိနစ် |
| စွပ်ပြုတ်/အနှေးချက် | ၁ နာရီ ၀၀ မိနစ် | ၁ နာရီ ၀၀ မိနစ် – ၁၂ နာရီ ၀၀ မိနစ် | ၁၀ မိနစ် |
| ကိတ်/ပေါင်မုန့် | ၄၀ မိနစ် | ၂၀ မိနစ် – ၆၀ မိနစ် | ၅ မိနစ် |
| ပေါင်းခြင်း | ၁၀ မိနစ် | ၁ မိနစ် – ၆၀ မိနစ် | ၁ မိနစ် |

* ထမင်းပေါင်းအိုးသည် ရေနွေးငွေ့စတင်ထွက်လည့်အခါ ပေါင်းတည်ခြင်းချိန်ညှိ၍ ရေတွက်မှုသည် စတင်ပါမည်။

**၂ "Start" ခလုတ်ကိုနှိပ်ပါ။**

- ထမင်းချက်ပြီးသည်နှင့် ပရိုဂရမ်သည် နွေးခြင်းဖန်ရှင်ကိုအလိုအလျောက် ပြောင်းသွားပါမည်။

  "Quiroa", "Brown", "Multi Grain", "Sticky", "Porridge", "Clay Pot", "Soup/Slow Cook", "Cake/Bread" (သို့) ("Steam") စသည့်တို့အတွက် နွေးခြင်းဖန်ရှင်ကို မသုံးပါနှင့်။

  နွေးခြင်းဖန်ရှင်ကိုပိတ်ရန် "Off" ခလုတ်ကိုနှိပ်ပါ။

## တိုင်မာ

**၁ မီနူးရွေးရန် "Menu Select" ကိုနှိပ်ပါ။**

- "Porridge" ရွေးသည့်အခါ ချက်ပြုတ်ချိန်ကို ချိန်ညှိပါ။

**၂ "Preset mode" ကိုချိန်ရန် "Timer" ခလုတ်ကိုနှိပ်ပါ။**

**၃ သတ်မှတ်လိုသော ချက်ပြုတ်ချိန်ကိုချိန်ညှိရန် "◁ "(သို့) " ▷" ခလုတ်ကိုနှိပ်ပါ။**

- တိုင်မာသည် တိုင်မာချိန်ညှိခြင်းစတင်ချိန်မှ ၂၄ နာရီအကြားတွင် ယူနစ် ၁၀ မိနစ်ထားနိုင်သည်။
- ကြိုတင်သတ်မှတ်ထားသောအချိန်သည် အလုပ်ပြီးမြောက်ချိန်ဖြစ်သည်။
- "Timer" ခလုတ်သည်။ presetစနစ်တွင် " ▷" ခလုတ်နှင့်အတူတူပင်ဖြစ်သည်။

**၄ Preset စနစ်ကိုစရန် "Start" ခလုတ်ကိုနှိပ်ပါ။**

- Preset စနစ်ကိုစတင်သည့်အခါ မီနူး၏အချက်ပြမီးနှင့် "Timer" ၏အချက်ပြမီး လင်းလာလိမ့်မည်။
- ထမင်းပေါင်းအိုး စတင်ချက်ပြုတ်သည့်အခါ "Timer" အချက်ပြမီးပိတ်၍ "Start" အချက်ပြမီးပွင့်လာမည်။

# စက်အားသန့်ရှင်းခြင်း

- စက်အားမသန့်ရှင်းမီ ပလပ်ခေါင်းကိုဖြုတ်၍ စက်ကိုယ်ထည်သည် အေးနေရမည်။

အတွင်းအဖုံး





**အပြင်ဘက်အဖုံး**

**ကောင်းစွာအရည်ညှစ်ထားသော အဝတ်ဖြင့်သုတ်ပါ။**

**အတွင်းအိုး**

**အားပျော့သောပန်းကန်ဆေးဆပ်ပြာရည်ဖြင့်ဆေးပါ။**

**အပေါ်ဘောင်**

**ကောင်းစွာအရည်ညှစ်ထားသော အဝတ်ဖြင့်သုတ်ပါ။**

- အပေါ်ဘောင်ကို တိုက်ရိုက်ရေမဆေးပါနှင့်။
- ဆန်စေ့များကိုသွားကြားထိုးတံဖြင့် ဖယ်ပါ။

**အိုးအာရုံခံကိရိယာ / အပူပေးသည့်အပြား**

**ကောင်းစွာအရည်ညှစ်ထားသော အဝတ်ဖြင့်သုတ်ပါ။**

- အကယ်၍ အရာဝတ္ထုတစ်ခုသည် အိုးအာရုံခံကိရိယာ / အပူပေးသည့်အပြားပေါ်တွင်ကပ်နေပါက ကော်ဖတ်နုနု(#၆၀၀ခန့်)(သို့)သံမဏိမျှင်ကိုသုံး၍ ညင်သာစွာတိုက်ပါ။



## အတွင်းအဖုံး

**အတွင်းအဖုံးကိုဖယ်၍ အားပျော့သော ပန်းကန်ဆေးဆပ်ပြာရည်ဖြင့်ဆေးပါ။**

- **အဖုံးကိုဖယ်ခြင်း**

ကွင်းနှစ်ဖက်ကို ကိုင်၍ မိမိရှေ့သို့ဆွဲယူပါ။

- **အဖုံးကိုတပ်ဆင်ခြင်း**

၁ ငေါထွက်နေသောအပိုင်းကို အပြင်ဘက်အဖုံးပေါ်ရှိ ဂျင်တွင်ဝင်စေ၍ ထည့်ပါ။

၂ ကွင်းများ ( နှစ်ဖက်လုံး ) ကို ချက်ကနဲ အသံကြားသည်အထိ အပြင်ဘက်အဖုံးဘက်အတွင်းသို့ ဖိထည့်ပါ။

ငေါထွက်နေသည့်အပိုင်း



ကွင်းများ

ဤမြောင်းကိုအတွင်းအဖုံးထဲသို့ဖိထည့်ပါ။



ရာဘာကွင်း

**မှတ်ချက်**

- ရာဘာကွင်းကိုမဖယ်ပါနှင့်။
- ရာဘာကွင်းကွာသွားပါကပြန်တပ်ထားပါ။

# ပေါင်းတည်အိုးအဖုံး

ပေါင်းတည်အိုးအဖုံးသည် ထမင်းပေါင်းအိုးမော်ဒယ်ပေါ်မူတည်၍ ပြောင်းလဲသွားပါသည်။

## အဖုံးကိုဖြုတ်၍ရေကျင်းပါ။

- အသုံးပြုပြီးတိုင်းဆေးပါ။

**မှတ်ချက်**

- ရာဘာကွင်းကိုမဖယ်ပါနှင့်။
- ရာဘာကွင်းကွာသွားပါက ပြန်တပ်ထားပါ။




## အဖုံးကိုဖြုတ်ပါ။

① အဖုံးကိုဖြုတ်ရန်ဆွဲပါ။





② အဖုံးကိုဖွင့်ပါ။




ခလုတ်ကိုနှိပ်စဉ် အဖုံးကိုဖွင့်ပါ။




အဖုံးကိုမြှားပြထားသည့်လား
ရာအတိုင်းလှည့်၍ဆွဲပါ။

## အဖုံးတပ်ခြင်း

(ဖြုတ်သည့်အခါပြုလုပ်သည့်အဆင့်များနှင့်ပြောင်းပြန်ပြန်လုပ်ပါ)

① အဖုံးကိုပိတ်ပါ။




စက်ဝင်ရိုးတွင်တပ်၍ ချက်ကနဲအသံ
ကြားသည် အထိခိုင်မြဲစွာပိတ်ပါ။




အဖုံးကိုခိုင်မြဲစွာခေါက်၍ဖိထည့်ပါ။
ကြည်လင်ပြတ်သားသောအသံတစ်
ချက်ကြားရပါကတပ်ဆင်ခြင်းပြီးပါပြီ။

②

# ထမင်းပေါင်းအိုး၏ အပိုပစ္စည်းများ

ထိုအရာများကို အားပျော့သောပန်းကန်ဆေးဆပ်ပြာရည်နှင့်ဆေးပါ။

| ထမင်းယောက်မ | ယောက်ချို | ယောက်မထည့်ခွက် | ရေချိန်ခွက် | ပေါင်းတည်အိုး |
|---|---|---|---|---|
|  |  |  |  |  |

* ပေါင်းတည်အိုးသည် ထမင်းပေါင်းအိုး
မော်ဒယ်ပေါ်မူတည်၍ ပြောင်းလဲသည်။

# ပြဿနာရှာဖွေဖြေရှင်းခြင်း

သင်သည်ချက်ပြုတ်ရာတွင် ပုံမှန်မဟုတ်သောအခြေအနေများ တွေ့ပါက ပြဿနာ၏ အရင်းအမြစ်ကို စစ်ဆေးပါ။

## ထမင်းချက်ပြုတ်ခြင်း

| လက္ခဏာ / ဖြစ်နိုင်သောအကြောင်းအရင်းများ | ချက်ပြုတ်ခြင်းပြဿနာ | | | | | | | | | နွေးခြင်းပြဿနာ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အမာလွန်ခြင်း | အပျော့လွန်ခြင်း | ချက်ပြုတ်ထားမှုမရှိခြင်း | အနံ့မရခြင်း | အတွင်းအိုးတွင်ကပ်ခြင်း | ဂျိုးကပ်ခြင်း၊တူးခြင်း | လျှံထွက်ခြင်း | အရည်ပျစ်ခြင်း | မဆူခြင်း | မနွေးခြင်း | အနံ့ဆိုးခြင်း | အရောင်ပြောင်းခြင်း | ထမင်းအလွန်ခြောက်ခြင်း | ရေစက်များ |
| ဆန်နှင့်ရေပမာဏမမှန်ခြင်း | ● | ● | ● | | ● | ● | ● | ● | ● | | | | | |
| အများဆုံးပမာဏထက်ကျော်လွန်ခြင်း | ● | ● | ● | | ● | ● | ● | | ● | | | | | |
| ဖန်ရှင်များယွင်းစွာရွေးချယ်ခြင်း | ● | ● | ● | | ● | ● | ● | ● | ● | | | | | |
| အတွင်းအိုးရှဲ့စောင်းခြင်းနှင့် အောက်ခြေမညီခြင်း | ● | ● | ● | | ● | ● | | | ● | | | | | |
| ရေနွေးဖြင့် ချက်ခြင်း (သို့) အအေးခံဘဲ ဆက်တိုက်ချက်ခြင်း | ● | ● | ● | | ● | | | | ● | | | | | |
| ဆန်စေ့များ (သို့) အခြားဝတ္ထုများ အတွင်းအိုးအောက်ခြေနှင့်အပူပေးကိရိယာနှင့်ထိန်းချုပ်မှုမျက်နှာပြင်တွင် ကပ်နေခြင်း | ● | ● | ● | ● | ● | ● | | | ● | | ● | ● | ● | ● |
| လျှပ်စစ်ပြတ်တောက်ခြင်း | ● | ● | ● | ● | ● | ● | | ● | ● | ● | ● | | | ● |
| လျှပ်စစ်ပြတ်တောက်ခြင်းပြီးဆုံးချိန်တွင်ထမင်းမပျော့ခြင်း | ● | | | | | ● | | | | | | ● | ● | ● |
| ပေါင်းတည်အိုးအဖုံးသည်မှန်ကန်စွာ တပ်ဆင်ထားမှုမရှိခြင်း | ● | | | | | | ● | ● | | | | | | |
| presetတိုင်မာဖြင့် သတ်မှတ်ချိန်ထက် ပိုကြာနေခြင်း | ● | | ● | ● | | | | ● | | | | | | |
| အပြင်ဘက်အဖုံးကိုမှားယွင်းစွာတပ်ဆင်ခြင်း | | | ● | | | | ● | ● | | | ● | ● | ● | |
| ဆန်ကိုအပြည့်အဝမဆေးခြင်း | ● | | ● | ● | | ● | ● | | | | ● | ● | | |
| ဆန်စေ့များနှင့် အခြားအရာဝတ္ထုများ ပါကင်နှင့် အတွင်းအိုးအနားသက်နေရာများ တွင်ကပ်နေခြင်း | | | | | | | | | | | ● | ● | ● | |
| နွေးခြင်းဖန်ရှင်ဖြင့် အချိန်ပိုကြာမြင့်ခြင်း | ● | | | | | | | | | | ● | ● | ● | ● |

မြန်မာ

| လက္ခဏာ / ဖြစ်နိုင်သောအကြောင်းအရင်းများ | ချက်ပြုတ်ခြင်းပြဿနာ | | | | | | | | | နွေးခြင်းပြဿနာ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အမာလွန်ခြင်း | အပျော့လွန်ခြင်း | ချက်ပြုတ်ထားမှုမရှိခြင်း | အနံ့မရခြင်း | အတွင်းအိုးတွင်ကပ်ခြင်း | ဂျိုးကပ်ခြင်း၊တူးခြင်း | လျှံထွက်ခြင်း | အရည်ပျစ်ခြင်း | မဆူခြင်း | မနွေးခြင်း | အနံ့ဆိုးခြင်း | အရောင်ပြောင်းခြင်း | ထမင်းအလွန်ခြောက်ခြင်း | ရေစက်များ |
| နွေးခြင်းဖန်ရှင်ကိုမသုံးဘဲထမင်းကိုအတွင်းအိုးထဲတွင်အချိန်ကြာမြင့်စွာထားခြင်း | | | | | | | | | | ● | ● | ● | ● | ● |
| အတွင်းအိုးကိုမဆေးခြင်း | | | | ● | | | | | | | ● | | | |
| အတွင်းအိုးထဲတွင် ယောက်မကိုထည့်ထားခြင်း | | | | | | | | | | | ● | ● | ● | ● |
| ရေနှင့်ဆန် ရောနှောမှုမညီမျှခြင်း | | | ● | | | | | | | | | | | |

အထက်ပါဇယားအတိုင်းစစ်ဆေးပြီးနောက်ယူနစ်တွင် အပြစ်အနာဆာရှိပါက စက်အားပြင်ဆင်ရန် တရားဝင်ခွင့်ပြုထားသောဆားဗစ်စင်ကာသို့ပို့ပါ။

# ပြဿနာရှာဖွေဖြေရှင်းခြင်း

ကိတ်မုန့် / ပေါင်မုန့်ဖုတ်ခြင်း

| လက္ခဏာ / ဖြစ်နိုင်သောအကြောင်းအရင်းများ | ကိတ်မုန့်၊ပေါင်မုန့်ဖုတ်ခြင်းပြဿနာ | | | | | | |
|---|---|---|---|---|---|---|---|
| | မာလွန်းသောကိတ်မုန့်ပေါင်မုန့်များ | ပျော့လွန်းသောကိတ်မုန့်၊ပေါင်မုန့်များ | စိုစွတ်နေသောကိတ်မုန့်၊ပေါင်မုန့်များ | အတွင်းအိုးအောက်ခြေတွင်ကိတ်မုန့်၊ ပေါင်မုန့်များကပ်နေခြင်း | ကိတ်မုန့်၊ပေါင်မုန့်အောက်ပိုင်းတူးခြင်း | နူးညံ့ပွရှုမှုမရှိခြင်း | ပေါင်မုန့်၊ကိတ်မုန့်အစအနများနေခြင်း |
| ဂျုံမှုန့်များလွန်းခြင်း | | ● | | | | | |
| မုန့်များအားမဖုတ်ခင်သေချာမမွှေခြင်း | | | | ● | ● | | ● |
| သဟဇာတ မဖြစ်သော ကိတ်မုန့်အရာများသုံးခြင်း | ● | ● | ● | | | ● | |
| ချောကလက်၊သကြား၊သစ်သီးပါသောပါဝင်ပစ္စည်းများအလွန်အကျွံပါသည့်ကိတ်မုန့်အရောကိုသုံးခြင်း | ● | ● | | ● | ● | | |
| ချက်ပြုတ်နေစဉ် အပြင်ဘက်အဖုံးကို မပိတ်ခြင်း | ● | ● | | | | ● | |
| အတွင်းအိုးနှင့် အပူပေးပန်းကန်ပြားအကြားတွင် ပြင်ပအရာများရှိခြင်း | ● | ● | ● | | ● | ● | |
| ထောပတ်၊ဟင်းချက်ဆီသည်အတွင်းအိုးအောက်ခြေတွင် လုံလုံလောက်လောက်မရှိခြင်း | | | | ● | | | |
| ကိတ်မုန့်၊ပေါင်မုန့်သည် အတွင်းအိုးတွင် အချိန်အတော်ကြာရှိနေခြင်း | | | ● | | ● | | |
| လုံလုံလောက်လောက်မမွှေထားခြင်း(သို့)အချိန်အတော်ကြာမွှေခြင်း | | | | | | ● | ● |
| ပါဝင်ပစ္စည်း ပမာဏ များယွင်းခြင်း | | ● | | | ● | ● | ● |

အထက်ပါဇယားအတိုင်းစစ်ဆေးပြီးနောက်ယူနစ်တွင်အပြစ်အနာအဆာရှိပါက စက်အားပြင်ဆင်ရန် တရားဝင်ခွင့်ပြုထားသောဆားဗစ်စင်တာသို့ပို့ပါ။

## အခြားအချက်များ

| လက္ခဏာများ | ဖြစ်နိုင်သောအကြောင်းအရာများ |
|---|---|
| ထူးဆန်းသောအသံများထွက်လာခြင်း | အတွင်းအိုးတွင်ကပ်နေသောရေကြောင့်အသံထွက်လာခြင်းဖြစ်သည်။ |
| လျှပ်စစ်မရခြင်း | ပါဝါပလပ်ခေါင်းကိုဖြုတ်၍ပါဝါပလပ်ကိုစစ်ဆေးပါ။ |

အထက်ပါဇယားအတိုင်းစစ်ဆေးပြီးနောက်ယူနစ်တွင်အပြစ်အနာအဆာရှိပါက စက်အားပြင်ဆင်ရန် တရားဝင်ခွင့်ပြုထားသောဆားဗစ်စင်တာသို့ပို့ပါ။

## အမှားထောက်ပြချက်များ

| ထောက်ပြချက်များ | ဖြစ်နိုင်သောအကြောင်းအရင်းများ |
|---|---|
| U14 | ၉၆ နာရီထက်ပို၍ နွေးခြင်းဖန်ရှင်ကို အသုံးပြုပါသလား။<br>→ “Off”ခလုတ်ကိုနှိပ်ပါ။ |
| H01<br>H02<br>H31 | တရားဝင်ခွင့်ပြုထားသောဆားဗစ်စင်တာနှင့် ဆွေးနွေး၍Error Codeကိုပြောပါ။(“H”နောက်မှဂဏန်းနှစ်လုံး) |

# အသေးစိတ်အချက်အလက်များ

| ထမင်းပေါင်းအိုး မော်ဒယ် | သတ်မှတ်ထားသောဗို့အား | သတ်မှတ်ထားသောလျှပ်စစ် ပမာဏ | ချက်ပြုတ်ခြင်း ဝင်ဆံ့မှု ပမာဏ(လီတာ) | ဆန် ပမာဏ (ခွက်) | အပူပေးစနစ် | အလျား × အနံ × အမြင့် | ထမင်းပေါင်းအိုး၏အလေးချိန် (ကီလိုဂရမ်) |
|---|---|---|---|---|---|---|---|
| မလေးရှား | | | | | | | |
| SR-CX108 | ၂၄၀ဗို့ ~ ၅၀ဟတ်စ် | ၇၆၅ | ၁.၀ | ၅.၅ | တိုက်ရိုက် အပူပေးခြင်း | ၃၄၉ × ၂၄၅ × ၂၁၂ | ၃.၅ |
| SR-CX188 | | ၉၁၀ | ၁.၈ | ၁၀ | | ၃၈၄ × ၂၇၄ × ၂၄၉ | ၄.၅ |
| SR-CP188 | | | | | | ၃၈၄ × ၂၇၄ × ၂၄၆ | ၄.၄ |
| SR-CN188 | | | | | | | ၃.၈ |
| စက်ာပူ(ပြည်တွင်း) | | | | | | | |
| SR-CX108 | ၂၃၀ဗို့ ~ ၅၀ဟတ်စ် | ၇၀၀ | ၁.၀ | ၅.၅ | တိုက်ရိုက် အပူပေးခြင်း | ၃၄၉ × ၂၄၅ × ၂၁၂ | ၃.၅ |
| SR-CN108 | | | | | | ၃၄၉ × ၂၄၅ × ၂၀၉ | ၃.၀ |
| SR-CX188 | | ၈၁၅ | ၁.၈ | ၁၀ | | ၃၈၄ × ၂၇၄ × ၂၄၉ | ၄.၅ |
| SR-CN188 | | | | | | ၃၈၄ × ၂၇၄ × ၂၄၆ | ၃.၈ |
| စက်ာပူ(ပြန်လည်ပို့ကုန်) | | | | | | | |
| SR-CX188 | ၂၂၀ဗို့ ~ ၅၀ဟတ်စ် | ၇၆၅ | ၁.၈ | ၁၀ | တိုက်ရိုက် အပူပေးခြင်း | ၃၈၄ × ၂၇၄ × ၂၄၉ | ၄.၅ |
| SR-CP188 | | | | | | ၃၈၄ × ၂၇၄ × ၂၄၆ | ၄.၄ |
| SR-CN188 | | | | | | | ၃.၈ |
| သြစတြေးလျ / နယူးဇီလန် | | | | | | | |
| SR-CX108 | ၂၂၀ – ၂၄၀ဗို့ ~ ၅၀ဟတ်စ် | ၆၄၀ – ၇၆၅ | ၁.၀ | ၅.၅ | တိုက်ရိုက် အပူပေးခြင်း | ၃၄၉ × ၂၄၅ × ၂၁၂ | ၃.၅ |
| SR-CN108 | | | | | | ၃၄၉ × ၂၄၅ × ၂၀၉ | ၃.၀ |
| SR-CN188 | | ၇၆၅ – ၉၁၀ | ၁.၈ | ၁၀ | | ၃၈၄ × ၂၇၄ × ၂၄၆ | ၃.၈ |

Kitchen Appliances Business Division,
Appliances Company, Panasonic Corporation

2-3-1-2 Noji-higashi, Kusatsu City, Shiga 525-8555, Japan